# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ
# အမိန့်ကြော်ငြာစာ
## အမှတ်၊ ၁၁ /၂၀၁၆
## ၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
## (၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဘေးသင့်ဒေသတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ ဘေးသင့်ဒေသနှင့် ဘေးသင့်ပြည်သူများ၏ ကနဦးလိုအပ်ချက်များကို ဘေးသင့်ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့်နှိုင်းယှဉ်ကာ စစ်တမ်းကောက်ယူခြင်း၊ အတည်ပြုခြင်းစသော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း(၃)၊ ပုဒ်မ ၅(ခ)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးများ(၁၄)ဦး | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဘက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များကောက်ယူနိုင်ရေး၊ ကနဦးလိုအပ်ချက်များစိစစ်နိုင်ရေးတို့အတွက် လိုအပ်သည့်စာရင်းကောက်ယူမှုပုံစံများကြိုတင်ရေးဆွဲပြင်ဆင်ထားရန်၊

(ခ) ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဒေသ၏ ဖွံ့ဖြိုးမှုအခြေအနေ(လူဦးရေ၊ စီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦများစသည်ဖြင့်)ကို လေ့လာဆန်းစစ်ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်သည့်အခြေအနေများကို ကြိုတင်ဆန်းစစ်ဖော်ထုတ်ထားရန်၊

(ဂ) ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကြိုတင်ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်မှုစနစ်များထူထောင်ထားရန်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များရရှိရေးနှင့် အတည်ပြုနိုင်ရေးအတွက်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူနိုင်ရေးနှင့် လိုအပ်ချက်များ စိစစ်နိုင်ရေး အတွက် ဘေးသင့်ဒေသများသို့ အမြန်ဆုံးစေလွှတ်နိုင်မည့် Mobile Team များကို လူ၊ ပစ္စည်း၊ ငွေစသည့် လိုအပ်သည့်အင်အားများဖြင့် စုဖွဲ့ထားပြီး လေ့ကျင့်သင်တန်း ပေးထားရန်၊

(စ) ဘေးအန္တရာယ်ဖြစ်ပွားပြီးသည်နှင့် ဖြစ်နိုင်သမျှ ချက်ချင်းသတင်းရရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထိ ဆက်သွယ်ရေးကွန်ယက်စနစ်များ ထူထောင်ထားရှိရန်နှင့် မြေပြင်သတင်းရယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိ ချိတ်ဆက် ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်ခံရသောဒေသသို့ သွားရောက်ရန် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားပါက ပျက်စီးမှုအခြေအနေအားသိရှိနိုင်ရန်အတွက် ဂြိုလ်တုဓါတ်ပုံ၊ လေယာဉ်ကောင်းကင်ဓါတ်ပုံ၊ ဝေဟင်မှအကဲဖြတ်သတင်းပို့ချက်၊ မြေပြင်သတင်း ပို့ချချက်များအားရယူပြီး ပျက်စီးဆုံးရှုံးမှု ပမာဏအား သုံးသပ်ဖော်ထုတ်ရန်၊

(ဇ) ကနဦးသိရှိရသည့် သတင်းအချက်အလက်များအရ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများ၊ ဘေးသင့်ဒေသ၏လိုအပ်ချက်များကို သုံးသပ်အကြံပြု ပေးရန်၊

(ဈ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများကို အပြီးသတ် အတည်ပြုပေးရန်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

(ည) ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းများ၊ အတည်ပြုပြီးသည့်ပျက်စီးဆုံးရှုံးမှု စာရင်းများနှင့် ပတ်သက်၍ ပြည်သူသို့ထုတ်ပြန်ကြေငြာနိုင်ရန်နှင့် နိုင်ငံတကာသို့ကြေငြာပေးနိုင်ရန် အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဋ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ကနဦးလိုအပ်ချက်များ၊ ရေရှည်အတွက် လိုအပ်ချက်များ၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကဏ္ဍအလိုက် လိုအပ်ချက် များကို ဖော်ထုတ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ အကြံပြုပေးရန်၊

(ဎ) ကော်မတီလုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃)လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဎ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်။

(ဏ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲတို့ ပူးပေါင်း၍ ပျက်စီးဆုံးရှုံးမှုများကို နေ့စဥ် Update စာရင်းများပြုစု၍ အတွင်းရေးမှူးရုံး (ဗဟိုစာရင်းအင်းအဖွဲ့)သို့ ပေးပို့ရန်၊

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

စာအမှတ်၊ ၁-၅ / ၄၀ (က) / ၀၂၇

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး